မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၄၁ ]** ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက် ( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် ) } **သောကြာနေ့** **[ အတွဲ ၆၉**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၅၄/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် )

**ဒုတိယဝန်ကြီးများခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါပြဋ္ဌာန်းချက်များအရ အောက်ပါ ပုဂ္ဂိုလ်များကို ယှဉ်တွဲပါပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန် ပေးလိုက်သည် -

(၁) ဒေါက်တာထွန်းနိုင် — ဒုတိယဝန်ကြီး
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(၂) ဦးဝင်းမော်ထွန်း — ဒုတိယဝန်ကြီး
ပညာရေးဝန်ကြီးဌာန

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၃/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် )

**ဆက်သွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်အခြေခံအဆောက်အဦများ တည်ဆောက်ရန် မြေယာအသုံးပြုမှု စီမံခန့်ခွဲရေးကော်မတီတွင် အဖွဲ့ဝင်ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၈/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော **“ဆက်သွယ်ရေးလုပ်ငန်းများအတွက်လိုအပ်သည့် အခြေခံအဆောက်အဦများ**

**တည်ဆောက်ရန် မြေယာအသုံးပြုမှုစီမံခန့်ခွဲရေးကော်မတီ"** တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ထိန်းသိမ်းရေး) ကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် ၆၁/၂၀၁၆

၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်
( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် )

၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက် (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်) အင်္ဂါနေ့သည် အီဒွလ်အဿွာဟာ (ဘက္ကရီအီးဒ်) နေ့ ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၁၆)

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

### ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၇။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေ
# (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၇ ။)

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင်ပါရှိသော "ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၃။ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပုဒ်မ ၁၃ တွင်ပါရှိသော "ကျပ်သန်းပေါင်း လေးဆယ့်ငါးသိန်းထက်မပိုစေရ" ဆိုသည့် စကားရပ်ကို "ကျပ်သန်းပေါင်း သိန်းငါးဆယ်ထက်မပိုစေရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က) တွင်-

(က) ပုဒ်မခွဲငယ် (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ထောက်ခံချက်အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုသော အသုံးစရိတ်ဖြစ်ခြင်း။"

(ခ) ပုဒ်မခွဲငယ် (၃) ကို ပယ်ဖျက်ရမည်။

၅။ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ဇယား (၂)၊ ဇယား (၃)၊ ဇယား (၄)၊ ဇယား (၅)၊ ဇယား (၆)၊ ဇယား (၇)၊ ဇယား (၈)၊ ဇယား (၉)၊ ဇယား (၁၀) နှင့် ဇယား (၁၄) တို့ကို ဤဥပဒေပါ ဇယားအသီးသီးဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့

ဇယား (၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နိုင်ငံတော်သမ္မတ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၉,၅၆၀. ၁၃၀ | | ၁,၃၃၉. ၇၇၅ | ၁၀. ၀၀၄ | | | | | ၁၀,၉၀၉. ၉၀၉ |
| ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁,၇၉၁. ၄၃၀ | | | ၇၁. ၀၉၅ | | | | | ၁,၈၆၂. ၅၂၅ |
| ၃ | ပြည်ထောင်စုလွှတ်တော် | ပြည်ထောင်စုလွှတ်တော်နာယက သို့မဟုတ် ပြည်ထောင်စုလွှတ်တော်နာယက တာဝန်ပေးသူ | ၁,၂၃၈. ၈၀၀ | ၈. ၀၉၆ | | ၂,၈၇၉. ၃၉၉ | | | | | ၄,၁၂၆. ၂၉၅ |
| ၄ | ပြည်သူ့လွှတ်တော် | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၀,၇၅၇. ၉၇၃ | | | ၂,၈၅၆. ၄၅၇ | | | | | ၁၃,၆၁၄. ၄၃၀ |
| ၅ | အမျိုးသားလွှတ်တော် | အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၇,၄၉၇. ၇၇၆ | | | ၇၅၉. ၆၂၅ | | | | | ၈,၂၅၇. ၄၀၁ |
| ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ပြည်ထောင်စုတရားသူကြီးချုပ်သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ | ၁၅,၂၇၉. ၈၉၉ | | | ၈,၀၉၄. ၁၆၀ | | | | | ၂၃,၃၇၄. ၀၅၉ |
| ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌသို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက တာဝန်ပေးသူ | ၈၀၉. ၉၂၁ | | | ၇. ၀၀၀ | | | | | ၈၁၆. ၉၂၁ |
| ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၃,၈၀၅. ၅၉၀ | | | ၁,၅၀၃. ၈၂၀ | | | | | ၁၅,၃၀၉. ၄၁၀ |
| ၉ | ပြည်ထောင်စုရှေ့နေချုပ် | ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်ကတာဝန်ပေးသူ | ၁,၉၀၄. ၇၂၂ | | | ၁၁၈. ၄၉၂ | | | | | ၂,၀၂၃. ၂၁၄ |
| ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ်သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၃,၃၄၁. ၆၈၇ | ၂. ၈၉၁ | | ၉၀၃. ၄၂၀ | | | | | ၄,၂၄၇. ၉၉၈ |
| ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တာဝန်ပေးသူ | ၇,၇၁၇. ၇၇၇ | | | ၁၈၇. ၁၂၀ | | | | | ၇,၉၀၄. ၈၉၇ |
| | ပေါင်း | | ၇၃,၇၀၅. ၇၀၅ | ၁၀. ၉၈၇ | ၁,၃၃၉. ၇၇၅ | ၁၇,၃၉၀. ၅၉၂ | | | | | ၉၂,၄၄၇. ၀၅၉ |

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား (၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများသုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက် | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၂,၄၈၆,၉၃၉. ၈၄၇ | | | | | | | | | | | ၂,၄၈၆,၉၃၉. ၈၄၇ |
| | ၁ | ယစ်မျိုးခွန် | | ၉၄၀. ၃၁၁ | | | | | | | | | | | ၉၄၀. ၃၁၁ |
| | ၂ | ကုန်သွယ်လုပ်ငန်းခွန် | | ၁,၆၂၉,၉၂၉. ၇၄၅ | | | | | | | | | | | ၁,၆၂၉,၉၂၉. ၇၄၅ |
| | ၃ | သွင်းကုန်အတွက်လိုင်စင်ခများ | | ၅,၇၆၂. ၀၀၀ | | | | | | | | | | | ၅,၇၆၂. ၀၀၀ |
| | ၄ | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု | | ၃၀,၀၀၀. ၀၀၀ | | | | | | | | | | | ၃၀,၀၀၀. ၀၀၀ |
| | ၅ | မော်တော်ယာဉ်၊ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာအခငွေများ | | ၁၈၁,၄၇၀. ၀၀၀ | | | | | | | | | | | ၁၈၁,၄၇၀. ၀၀၀ |
| | ၆ | တံဆိပ်ခေါင်းခွန် | | ၃၇,၇၁၀. ၀၀၀ | | | | | | | | | | | ၃၇,၇၁၀. ၀၀၀ |
| | ၇ | မုတ်ကောင်ဝတ်ဆံသွင်းအခွန် | | ၄၆၀. ၀၀၀ | | | | | | | | | | | ၄၆၀. ၀၀၀ |
| | ၈ | ခရီးလှည့်လည်ရေးလိုင်စင်/ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်/ခရီးသွားလာသူများပို့ဆောင်ရေးလိုင်စင်/ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက်လိုင်စင်ကြေး | | ၆၆၇. ၇၉၁ | | | | | | | | | | | ၆၆၇. ၇၉၁ |
| | ၉ | အထူးကုန်စည်ခွန် | | ၆၀၀,၀၀၀. ၀၀၀ | | | | | | | | | | | ၆၀၀,၀၀၀. ၀၀၀ |
| ၂ | | ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့်အခွန်အကောက် | ၎င်း | ၂,၃၇၀,၄၃၄. ၆၄၅ | | | | | | | | | | | ၂,၃၇၀,၄၃၄. ၆၄၅ |
| | ၁ | ဝင်ငွေခွန် | | ၂,၃၇၀,၄၃၄. ၆၄၅ | | | | | | | | | | | ၂,၃၇၀,၄၃၄. ၆၄၅ |
| ၃ | | အကောက်ခွန် | ၎င်း | ၄၇၅,၀၀၀. ၀၀၀ | | | | | | | | | | | ၄၇၅,၀၀၀. ၀၀၀ |
| | ၁ | အကောက်ခွန် | | ၄၇၅,၀၀၀. ၀၀၀ | | | | | | | | | | | ၄၇၅,၀၀၀. ၀၀၀ |
| ၄ | | နိုင်ငံပိုင်သယံဇာတများထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက် | ၎င်း | ၈၈၇,၃၈၄. ၃၃၆ | | | | | | | | | | | ၈၈၇,၃၈၄. ၃၃၆ |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၁. ၄၈၅ | | | | | | | | | | | ၁. ၄၈၅ |
| | ၂ | ရေခွန် | | ၁၃. ၇၂၃ | | | | | | | | | | | ၁၃. ၇၂၃ |
| | ၃ | တာတမံခွန် | | ၀. ၀၂၅ | | | | | | | | | | | ၀. ၀၂၅ |
| | ၄ | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်သစ်တောခွန် | | ၂,၈၈၆. ၂၆၅ | | | | | | | | | | | ၂,၈၈၆. ၂၆၅ |

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား (၃) အဆက်
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| | ၅ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့်အလှဆင်ကျောက်များမပါ) | | ၃. ၈၅၅ | | | | | | | | | | | ၃. ၈၅၅ |
| | ၆ | ငါးလုပ်ငန်းဆိုင်ရာအခွန်အခ | | ၁,၃၀၃. ၈၀၀ | | | | | | | | | | | ၁,၃၀၃. ၈၀၀ |
| | ၇ | ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၇၁၀,၆၁၃. ၇၁၄ | | | | | | | | | | | ၇၁၀,၆၁၃. ၇၁၄ |
| | ၈ | ဓာတ်သတ္တုခွန်နှင့်ရတနာခွန် | | ၁၉,၅၄၀. ၀၀၀ | | | | | | | | | | | ၁၉,၅၄၀. ၀၀၀ |
| | ၉ | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့်ကောက်ခံသည့်အခွန်အခ | | ၁၄၂,၅၉၅. ၁၄၉ | | | | | | | | | | | ၁၄၂,၅၉၅. ၁၄၉ |
| | ၁၀ | ရေအားအရင်းအမြစ်မှလျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက်အခမဲ့ရရှိသည့်ဓာတ်အားခ | | ၁၀,၄၂၆. ၃၂၀ | | | | | | | | | | | ၁၀,၄၂၆. ၃၂၀ |
| ၅ | | ပြည်ထောင်စု၏စီးပွားရေးအဖွဲ့အစည်းများမှရငွေ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတကတာဝန်ပေးသူ | | ၃၆၃,၄၄၁. ၂၁၆ | | | | | | | | | | ၃၆၃,၄၄၁. ၂၁၆ |
| ၆ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သောနိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | ,, | | ၂၂,၀၈၄. ၇၃၂ | | | | | | | | | | ၂၂,၀၈၄. ၇၃၂ |
| ၇ | | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ,, | | ၁၈၆,၅၆၃. ၄၀၀ | | | | | | | | | | ၁၈၆,၅၆၃. ၄၀၀ |
| ၈ | | နိုင်ငံခြားရေး | ,, | | | ၁,၄၉၈. ၀၀၀ | | | | ၂၃. ၄၇၃ | | | | | ၁,၅၂၁. ၄၇၃ |
| ၉ | | သမ္မတရုံး | ,, | | | | | | | | | | | | |
| ၁၀ | | ပြည်ထဲရေး | ,, | | | ၁၆,၀၆၁. ၃၆၇ | | | | | | | | | ၁၆,၀၆၁. ၃၆၇ |
| ၁၁ | | ကာကွယ်ရေး | ,, | | | ၉၅,၆၁၅. ၇၃၂ | | | | | | ၁,၄၂၇. ၆၃၅ | | | ၉၇,၀၄၃. ၃၆၇ |
| ၁၂ | | နယ်စပ်ရေးရာ | ,, | | | ၁၂၄. ၃၈၀ | | | | ၃,၂၁၂. ၅၀၀ | | | | | ၃,၃၃၆. ၈၈၀ |
| ၁၃ | | နိုင်ငံတော်အတိုင်ပင်ခံရုံး | ,, | | | | | | | | | | | | |
| ၁၄ | | ပြန်ကြားရေး | ,, | | | ၁၇,၄၇၁. ၈၁၈ | | | | | | | | | ၁၇,၄၇၁. ၈၁၈ |

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား (၃) အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁၅ | သာသနာရေးနှင့်ယဉ်ကျေးမှု | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၆,၉၃၀. ၆၉၄ | | | | | | | | | ၆,၉၃၀. ၆၉၄ |
| ၁၆ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | " နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၃၈,၉၅၉. ၅၁၅ | ၂၆,၀၄၃. ၀၀၀ | | ၄၂၀. ၀၀၀ | ၁၀၄,၁၇၃. ၅၁၁ | ၃၃,၉၄၄. ၉၄၄ | ၂၉၇,၂၅၂. ၂၈၂ | | | ၅၀၀,၇၉၃. ၂၅၂ |
| ၁၇ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | " | | | ၁၁၇,၁၉၃. ၀၅၀ | | | | ၁၁,၅၇၈. ၉၇၇ | | ၃၄,၆၀၅. ၀၅၀ | | | ၁၆၃,၃၇၇. ၀၇၇ |
| ၁၈ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | " | | | ၂,၅၁၈. ၃၂၇ | | | | ၆,၆၈၀. ၁၅၆ | | | ၂၂. ၅၀၀ | | ၉,၂၂၀. ၉၈၃ |
| ၁၉ | လျှပ်စစ်နှင့်စွမ်းအင် | " | | | ၁,၀၈၄. ၄၇၄ | ၃,၅၄၁. ၈၃၄ | | ၁,၈၉၄. ၃၅၇ | | ၁၀,၇၃၆. ၉၄၆ | ၇၃,၀၃၃. ၂၃၀ | ၁,၈၀၆. ၈၅၁ | | ၉၂. ၀၉၇. ၆၉၂ |
| ၂၀ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | " | | | ၃၀,၀၆၂. ၉၀၂ | | | | ၆၀၀. ၀၀၀ | | | | | ၃၀,၆၆၂. ၉၀၂ |
| ၂၁ | စက်မှု | " | | | ၁,၄၉၆. ၄၀၅ | | | | ၄,၁၀၁. ၆၅၀ | | | | | ၅,၅၉၈. ၀၅၅ |
| ၂၂ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | " | | | ၇,၅၉၆. ၉၁၉ | | | ၂,၃၀၄. ၇၀၀ | ၃၈၅. ၅၀၀ | | | ၇၁၇. ၁၁၆ | | ၁၁,၀၀၄. ၂၃၅ |
| ၂၃ | ပညာရေး | " | | | ၁၄,၉၈၄. ၉၅၆ | | | ၅. ၀၀၀ | ၅၅,၉၆၄. ၆၆၅ | | ၂၈,၂၇၀. ၀၀၀ | | | ၉၉,၂၂၄. ၆၂၁ |
| ၂၄ | ကျန်းမာရေးနှင့်အားကစား | " | | | ၈,၈၅၂. ၉၃၂ | | | ၃. ၀၀၀ | ၃၃,၇၆၃. ၆၁၈ | | ၂၅,၇၂၂. ၂၄၆ | | | ၆၈,၃၄၁. ၇၉၆ |
| ၂၅ | စီမံကိန်းနှင့်ဘဏ္ဍာရေး | " | | | ၄၀,၇၇၈. ၆၅၉ | ၄၉,၄၆၁. ၆၀၈ | | ၁. ၂၀၀ | ၃၇,၆၆၈. ၆၂၉ | ၆,၂၉၀. ၄၇၁ | ၅၀,၂၄၅. ၂၈၅ | | | ၁၈၄,၄၄၅. ၈၅၂ |
| ၂၆ | ဆောက်လုပ်ရေး | " | | | ၄၈,၇၃၄. ၉၃၀ | | | ၁၀၀. ၀၀၀ | ၅၆,၀၉၆. ၈၈၆ | | ၂၂၈,၁၂၈. ၃၄၃ | | | ၃၃၃,၀၃၃. ၁၅၉ |
| ၂၇ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | " | | | ၄၆. ၄၅၀ | | | | ၁,၀၆၂. ၀၄၉ | | | | | ၁,၁၀၈. ၄၉၉ |
| ၂၈ | ဟိုတယ်နှင့်ခရီးသွားလာရေး | " | | | ၄၄,၀၃၆. ၇၉၄ | | | | ၉၄. ၄၃၀ | | | | | ၄၄,၁၃၀. ၂၂၄ |
| ၂၉ | တိုင်းရင်းသားလူမျိုးများရေးရာ | " | | | | | | | | | | | | |
| ၃၀ | ပင်စင်လစာငွေများနှင့်ဆုငွေများ | " | | | ၁၁၉. ၉၇၇ | | | | | | | | | ၁၁၉. ၉၇၇ |
| ၃၁ | ဆုငွေများနှင့်တစ်လုံးတည်းပင်စင်ငွေများ | " | | | | | | | | | | | | |
| | ပေါင်း | | ၆,၂၁၉,၇၅၈. ၈၂၈ | ၅၇၂,၀၈၉. ၃၄၈ | ၄၉၄,၁၆၈. ၂၉၁ | ၇၉,၀၄၆. ၄၄၂ | | ၄,၇၂၈. ၂၅၇ | ၃၁၅,၃၇၉. ၀၄၄ | ၅၀,၉၇၂. ၃၆၁ | ၇၃၈,၆၈၄. ၀၇၁ | ၂,၅၄၆. ၄၆၇ | | ၈,၄၇၇,၃၇၃. ၁၀၉ |

[ ဆက်လက်ဖော်ပြပါမည် ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၅/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် )

**နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီမှ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့လာသော **နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ (မူကြမ်း)

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

၁၃၇၈ ခုနှစ်၊ လ ရက်

( ၂၀၁၆ ခုနှစ်၊ လ ရက် )

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုများကို ကာကွယ်ပေးနိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုဆိုသည်။

(ခ) **နိုင်ငံသား** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း နိုင်ငံသားဖြစ်သူကို ဆိုသည်။

(ဂ) **ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှု** ဆိုသည်မှာ နိုင်ငံသားတစ်ဦး၏ ဥပဒေနှင့်အညီလွတ်လပ်စွာ သွားလာ ဆောင်ရွက်ခွင့်၊ လွတ်လပ်စွာ နေထိုင်ခွင့်နှင့် လွတ်လပ်စွာပြောဆိုခွင့်ကိုဆိုသည်။

(ဃ) **ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှု** ဆိုသည်မှာ နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စရပ်များလုံခြုံမှုကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားတစ်ဦး၏ နေအိမ်ဥပစာလုံခြုံမှု၊ စာပေးစာယူနှင့် အခြား ဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုတို့ ပါဝင်သည်။

(င) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

## အခန်း (၂)
## နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကိုအကာအကွယ်ပေးခြင်း

၃။ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှု အပြည့်အဝရရှိခံစားခွင့်ရှိသည်။

၄။ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် တာဝန်ရှိသူများသည် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှု နစ်နာဆုံးရှုံးခြင်းမရှိစေရန် ကာကွယ်ပေးရမည်။

## အခန်း (၃)
## သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်များ

၅။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တာဝန်ရှိသူများသည် -

(က) တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး မည်သူ့ကိုမျှ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှုမရှိစေရန် တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးဦး၏ နေအိမ်အဖြစ်အသုံးပြုသော အခန်း၊ အဆောက်အအုံ သို့မဟုတ် ပရဝုဏ် အတွင်းသို့ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဝင်ရောက်ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် သူတစ်ဦးဦးအား ဖမ်းဆီးခြင်းပြုလုပ်လိုလျှင် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဖြစ်စေ၊ ရာအိမ်မှူး သို့မဟုတ် ဆယ်အိမ်မှူးဖြစ်စေ အနည်းဆုံး သက်သေနှစ်ဦးနှင့် အတူ ဆောင်ရွက်ရမည်။

၆။ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် တာဝန်ရှိသူများသည် ဤဥပဒေအရ အရေးယူဆောင်ရွက်ပေးရန် တိုင်ကြားချက်ကို လက်ခံရရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရမည်။ မိမိဌာနက အရေးယူ ဆောင်ရွက်ရမည့်ကိစ္စမဟုတ်ကြောင်း ပေါ်ပေါက်ပါက အကျိုးအကြောင်းဖော်ပြ၍ တိုင်ကြားသူထံ ရက်ပေါင်း (၃၀) အတွင်း ပြန်ကြားရမည့်အပြင် ယင်းပြန်ကြားစာတွင် မည်သည့်ဌာနအဖွဲ့အစည်းတွင် တိုင်ကြားသင့်ကြောင်း အကြံပြုချက် ပါရှိရမည်။

## အခန်း (၄)
## တားမြစ်ချက်များ

၇။ မည်သူမျှ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး စီရင်ပိုင်ခွင့်ရှိသော တရားရုံး၏ ခွင့်ပြုချက်မရှိဘဲ မည်သူ့ကိုမျှ ၂၄ နာရီထက် ကျော်လွန်၍ ချုပ်နှောင်ထားခြင်း မပြုရ။

၈။ မည်သူမျှ ဥပဒေနှင့်အညီ ခွင့်ပြုမိန့် တစ်စုံတစ်ရာ မရရှိဘဲ -

(က) နိုင်ငံသားတစ်ဦး၏ နေအိမ်၊ နေအိမ်အဖြစ် အသုံးပြုသောအခန်း၊ အဆောက်အအုံ သို့မဟုတ် ပရဝုဏ်အတွင်း ဝင်ရောက်ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် သူတစ်ဦးဦးအား ဖမ်းဆီးခြင်း မပြုရ။

(ခ) နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို အနှောင့်အယှက်ဖြစ်စေသော သို့မဟုတ် လူ့ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သော နောက်ယောင်ခံစောင့်ကြည့်ခြင်း၊ စုံထောက်ခြင်းနှင့် စုံစမ်းခြင်းမပြုရ။

(ဂ) ပုဂ္ဂိုလ်တစ်ဦးနှင့်တစ်ဦးအကြား ဆက်သွယ်ရေးပစ္စည်းကိရိယာတစ်မျိုးမျိုးဖြင့် ဆက်သွယ်ပြောကြားခြင်းကို ကြားဖြတ်ဖမ်းယူနားထောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် အနှောင့်အယှက်ပေးခြင်း မပြုရ။

(ဃ) ဆက်သွယ်ရေး အော်ပရေတာများထံမှ ပုဂ္ဂိုလ်ဆိုင်ရာ တယ်လီဖုန်းနှင့် အီလက်ထရောနစ် ဆက်သွယ်ရေးသတင်းအချက်အလက်များအား တောင်းယူခြင်း၊ ထုတ်ပေးခြင်းမပြုရ။

(င) အခြားသူ၏ ပုဂ္ဂိုလ်ဆိုင်ရာကိစ္စအလို့ငှာ ဆက်သွယ်ပေးပို့သည့် စာပေးစာယူ၊ စာအိတ်၊ ချောထုပ်၊ ပါဆယ်ထုပ် တစ်ခုခုကို ဖွင့်ဖောက်ခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ဖျောက်ဖျက်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း မပြုရ။

(စ) နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ဆိုင်ရာ၊ မိသားစုရေးရာ ကိစ္စများတွင် အဓမ္မဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် လူတစ်ဦး၏ ဂုဏ်သိက္ခာနှင့် ထင်ပေါ်ကျော်ကြားမှုကို ပုတ်ခတ်ခြင်း သို့မဟုတ် ထိခိုက်စေရန် တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်း မပြုရ။

(ဆ) နိုင်ငံသားတစ်ဦး၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်းကိုသော်လည်းကောင်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုသော်လည်းကောင်း မတရားသိမ်းယူခြင်းမပြုရ။

၉။ တည်ဆဲဥပဒေတစ်ရပ်ရပ်၌ အတိအလင်း ခွင့်ပြုထားခြင်းမရှိလျှင် မည်သူမျှ နိုင်ငံတော်သမ္မတ၏ ကြိုတင်ခွင့်ပြုမိန့် သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုမိန့်မရရှိဘဲ၊ နိုင်ငံသားတစ်ဦးဦးအား လူ့ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သော နောက်ယောင်ခံစောင့်ကြည့်ခြင်း၊ စုံထောက်ခြင်း၊ စုံစမ်းခြင်း၊ ဝင်ရောက်ရှာဖွေသိမ်းဆည်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်းမပြုရ။

၁၀။ မည်သည့်ရဲတပ်ဖွဲ့စခန်းမှူးမဆို ဤဥပဒေအရ အရေးယူဆောင်ရွက်ပေးရန် တိုင်တန်းချက်ကို လက်ခံရရှိလျှင်ဖြစ်စေ၊ သတင်းပေးချက်ကို လက်ခံရရှိလျှင်ဖြစ်စေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၄ နှင့်အညီ ချက်ချင်းအရေးယူ ဆောင်ရွက်ရမည်။

## အခန်း (၅)
## ပြစ်ဒဏ်များ

၁၁။ မည်သူမဆို ပုဒ်မ ၇ ပါ တားမြစ်ချက်ကိုသော်လည်းကောင်း၊ ပုဒ်မ ၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ် သုံးသိန်းမှ အများဆုံး ကျပ် ၁၅ သိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

၁၂။ မည်သူမဆို ပုဒ်မ ၉ ပါ တားမြစ်ချက်ကိုသော်လည်းကောင်း၊ ပုဒ်မ ၁၀ ပါ တားမြစ်ချက်ကို သော်လည်းကောင်း ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံးငါးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ငါးသိန်းမှ အများဆုံး ကျပ် ၂၅သိန်း အထိ ငွေဒဏ်ချမှတ်နိုင်သည်။

၁၃။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်ခြင်း၊ တာဝန်ပေးခြင်း သို့မဟုတ် ပြစ်မှုတစ်ခုခု ကျူးလွန်ရာတွင် ပူးပေါင်းကြံစည်ခြင်း၊ အားပေးကူညီခြင်းပြုလျှင် ထိုသူအား ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပြစ်ဒဏ်ချမှတ်ခြင်း ခံရမည်။

## အခန်း (၆)

## အထွေထွေ

၁၄။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သမျှ ဤဥပဒေအရသာလျှင် အရေးယူရမည်။

၁၅။ ပြည်ထဲရေးဝန်ကြီးဌာနသည် ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၄၇/ ၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက် )

## ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းထုတ်ပြန်ကြေညာခြင်း

ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) (အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေး ကော်မတီ) ကတင်သွင်းသော **"၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"** ကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ အရ ထုတ်ပြန်ကြေညာ အပ်ပါသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

## ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)

## (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၈ ခုနှစ်၊ လ ရက်

( ၂၀၁၆ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေတွင် -

(က) ပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ဤဥပဒေသည် **ပြည်ထောင်စုအစိုးရအဖွဲ့က** အခါအားလျော်စွာ သတ်မှတ်ထားသော စာမေးပွဲများ ကျင်းပစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်အားလုံးနှင့် အကျုံးဝင်စေရမည်။"

(ခ) ပုဒ်မ ၁၊ ပုဒ်မခွဲ (ဂ) ကို ပယ်ဖျက်ရမည်။

၃။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေတွင် -

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) **စာမေးပွဲ** ဆိုသည်မှာ **ပြည်ထောင်စုအစိုးရအဖွဲ့က** အခါအားလျော်စွာသတ်မှတ်သော **အခြေခံပညာရေးအဆင့် သင်ကြားမှုပြီးဆုံးသည့်အခါ** ဤဥပဒေအရ စာစစ်အဖွဲ့က စစ်ဆေးသော စာမေးပွဲကိုသော်လည်းကောင်း၊ **ပြည်ထောင်စုအစိုးရအဖွဲ့က** အဆိုပါစာစစ်အဖွဲ့သို့ သီးခြားတာဝန်လွှဲအပ်၍ စစ်ဆေးစေသော အခြားစာမေးပွဲကိုသော်လည်းကောင်း ဆိုသည်။"

(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) **သင်ရိုးမာတိကာ** ဆိုသည်မှာ စာစစ်အဖွဲ့က ကျင်းပစစ်ဆေးမည့် စာမေးပွဲများအတွက် **ပြည်ထောင်စုအစိုးရအဖွဲ့က** သတ်မှတ်ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှ ရေးဆွဲ၍ စာစစ်အဖွဲ့မှ ပြဋ္ဌာန်းထားသောဘာသာရပ်များ၏ သင်ခန်းစာအသေးစိတ်အစီအစဉ်ကိုဆိုသည်"

(ဂ) ပုဒ်မ ၂၊ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၄) ၏နောက်တွင် ပုဒ်မခွဲငယ် (၅) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"(၅) နည်းပညာတစ်ခုခုကို အသုံးချပြီး ဖြေဆိုခြင်း၊"**

(ဃ) ပုဒ်မ ၂၊ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၅) ကို ပုဒ်မခွဲငယ် (၆) အဖြစ် ပြင်ဆင်ပြီး အောက်ပါအတိုင်း အစားထိုးရမည် -

**"(၆) လူစားထိုး၍ ဖြေဆိုခြင်း၊"**

(င) ပုဒ်မ ၂၊ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၇)၊ (၈)၊ (၉) နှင့် (၁၀) တို့ကို ပုဒ်မခွဲငယ် (၈)၊ (၉)၊ (၁၀) နှင့် (၁၁) တို့အဖြစ်ပြင်ဆင်ပြီး အောက်ပါအတိုင်း အစားထိုးရမည် -

**"(၈) အဖြေလွှာကို စာမေးပွဲဖြေဆိုနေစဉ်အတွင်း ပြင်ပအကူအညီဖြင့်လဲလှယ်ခြင်း၊ ထပ်ဖြည့်ခြင်း သို့မဟုတ် စာမေးပွဲဖြေဆိုပြီးနောက် တစ်နည်းနည်းဖြင့်လဲလှယ်ခြင်း၊ ထပ်မံဖြည့်စွက်ခြင်း၊**

**(၉) အဖြေလွှာအား ဆုတ်ဖြဲခြင်း၊ စစ်ဆေး၍မရအောင် ဆောင်ရွက်ခြင်းနှင့် အဖြေလွှာပေါ်တွင် ညစ်ညမ်းစာရေးသားထားခြင်း၊**

**(၁၀) စာမေးပွဲခန်းစောင့်ကြပ်သူတစ်ဦးဦး၏ မတရားသောနည်းဖြင့်ပြပေးခြင်း၊ ပြောပေးခြင်း၊ အကူအညီပေးခြင်းကို ရယူဖြေဆိုခြင်း၊**

**(၁၁) မေးခွန်းကို စာမေးပွဲမတိုင်မီ ကြိုတင်၍ မတရားသောနည်းဖြင့်ရယူခြင်း၊"**

(စ) ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မ ၂၊ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၁၁) ၏နောက်တွင် ပုဒ်မခွဲငယ် (၁၂) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"(၁၂)စာစစ်အဖွဲ့က မသမာသောနည်းဟု အခါအားလျော်စွာသတ်မှတ်သည့် နည်းလမ်းဖြင့် ဖြေဆိုခြင်း။"**

၄။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေတွင် -

(က) ပုဒ်မ ၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"**၃။(က)ပြည်ထောင်စုအစိုးရအဖွဲ့သည်** စာမေးပွဲများကျင်းပစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်ရန်အတွက် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်** စာစစ်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စာစစ်အဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များပါဝင်စေရမည်-

(၁) ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကတာဝန်ပေးအပ်သူ ဥက္ကဋ္ဌ

(၂) ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန အဖွဲ့ဝင်

(၃) ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန အဖွဲ့ဝင်

(၄) ညွှန်ကြားရေးမှူးချုပ်၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အဖွဲ့ဝင်

(၅) ညွှန်ကြားရေးမှူးချုပ်၊ ကျောင်းပြင်ပ ပညာရေးဦးစီးဌာန အဖွဲ့ဝင်

(၆) ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန အဖွဲ့ဝင်

(၇) ညွှန်ကြားရေးမှူး(ပညာ)၊ အခြေခံပညာဦးစီးဌာန အဖွဲ့ဝင်

(၈) အစိုးရခန့်ပုဂ္ဂိုလ်များ အဖွဲ့ဝင်

(၉) ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန အတွင်းရေးမှူး

(ဂ) **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်** စာစစ်အဖွဲ့တွင် ရာထူးအလျောက် အဖွဲ့ဝင်များမှတစ်ပါး၊ အခြားအဖွဲ့ဝင်များ၏ သက်တမ်းမှာ သုံးနှစ်ဖြစ်ရမည်။"

၅။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေပုဒ်မ ၄ တွင် -

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"(က)ပြည်ထောင်စုအစိုးရအဖွဲ့က** ချမှတ်ထားသော **ပညာရေးဆိုင်ရာမူဝါဒများ၊** ဤဥပဒေ အရ **ပြဋ္ဌာန်းထားသည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စာမေးပွဲလုပ်ငန်းများကို** စီမံခန့်ခွဲရမည်။"

(ခ) ပုဒ်မခွဲ (က) ၏နောက်တွင် ပုဒ်မခွဲ (ခ) ကိုအောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ခ) **စာမေးပွဲလုပ်ငန်းအတွက် မေးခွန်းပြုစုခြင်း၊ အမှတ်ပေးစည်းမျဉ်းရေးဆွဲခြင်း၊ အဖြေလွှာစစ်ဆေးခြင်း၊ အမှတ်စာရင်းပြုစုခြင်းနှင့် အောင်စာရင်းထုတ်ပြန်ခြင်း တို့ကို သက်ဆိုင်ရာ ဘာသာရပ်ပညာရှင်များပါဝင်သော အဖွဲ့များဖွဲ့စည်းပြီး ဆောင်ရွက်ရမည်။"**

(ဂ) မူလပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ကို ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

(ဃ) ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (ဃ) ၌ပါရှိသော "ပုဒ်မခွဲ (ခ) အရ" ဆိုသည့် စကားရပ်ကို "ပုဒ်မခွဲ (ဂ) အရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(င) ပုဒ်မခွဲ (စ) ကို (ဆ) ဟုပြင်ဆင်ပြီး ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲငယ်(၃) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၃) ရသုံးငွေများကို **ပြည်ထောင်စုအစိုးရအဖွဲ့က** သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း ပေးသွင်းသုံးစွဲ၍ စာရင်းများ ထားရှိရမည်။"

(စ) ပုဒ်မခွဲ (ဆ) ကို ပုဒ်မခွဲ (ဇ) အဖြစ် ပြန်လည်အမှတ်စဉ်ပြီး အောက်ပါအတိုင်း အစားထိုးရမည်-

"(ဇ)စာမေးပွဲတစ်ခုခုတွင် -

(၁) မသမာသောနည်းဖြင့် ဖြေဆိုသူကို **စာမေးပွဲဖြေဆိုခွင့်အား** နှစ်ကာလအပိုင်းအခြား သတ်မှတ်၍ **ရပ်ဆိုင်းနိုင်သည်။**

(၂) မသမာမှုပြုနေသည်ကို လျစ်လျူရှုသည့် သို့မဟုတ် တစ်နည်းနည်းဖြင့် မသမာမှုကို အားပေးကူညီသည့် စာမေးပွဲကြီးကြပ်သူတစ်ဦးအား အရေးယူရန် သက်ဆိုင်ရာဌာနသို့ အကြောင်းကြားရမည်။

(၃) အဖြေလွှာများစစ်ဆေးရာတွင် မသမာသောသဘောဖြင့် အမှတ်များပိုမိုပေးခြင်း သို့မဟုတ် လျှော့နည်းပေးခြင်း၊ အဖြေလွှာများတွင် ထပ်မံဖြည့်စွက်ပေးခြင်းစသော မတရားမှုများပြုသည့် သို့မဟုတ် ယင်းမတရားမှုများပြုသည်ကို အားပေးကူညီသည့် သို့မဟုတ် ယင်းမတရားမှုများပြုသည်ကို တွေ့ရှိသော်လည်း လျစ်လျူရှုသည့် စာဖြေလွှာစစ်ဆေးရန် ကြီးကြပ်သူ သို့မဟုတ် စစ်ဆေးသူအား အရေးယူရန် သက်ဆိုင်ရာဌာနသို့ အကြောင်းကြားရမည်။

(၄) **စာမေးပွဲလုပ်ငန်းများ ဆောင်ရွက်ရာတွင်** တာဝန်ပေးအပ်ခြင်းခံရသော **ဝန်ထမ်းများ၏ တာဝန်ပေါ့လျော့မှု သို့မဟုတ် မမှန်မကန် လုပ်ဆောင်မှုများတွေ့ရှိရပါက အရေးယူရမည်။”**

၆။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**“၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -**

**(က) ပညာရေးဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။**

**(ခ) မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။”**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၅/၂၀၁၆)

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် )

### အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၅ (ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာခြင်း

၁။ ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ် (၅) အတွက် ရွေးကောက်တင်မြှောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ် ဦးဇခုန်တိန့်ယိန်း၏ ရွေးကောက်တင်မြှောက်ခံရခြင်းကို ယင်းမဲဆန္ဒနယ်၌ ယှဉ်ပြိုင်အရွေးခံသူ ဦးယောနာက ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၉ အရ ရွေးကောက်ပွဲခုံအဖွဲ့ဖြင့်လည်းကောင်း၊ ပုဒ်မ ၇၅ အရ ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုဖြင့်လည်းကောင်း ကြားနာစစ်ဆေး၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်စွဲပါ ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုအမှတ်(၁၁/၂၀၁၆) ဆုံးဖြတ်ချက်တွင် ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ် (၅) အတွက် ဦးဇခုန်တိန့်ယိန်းအား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ဥပဒေအရ ပျက်ပြယ်ကြောင်းနှင့် ယင်းမဲဆန္ဒနယ်၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံရသူမှာ ဦးယောနာဖြစ်ကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၅ (က) အရ ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်၍ ဦးဇခုန်တိန့်ယိန်းသည် ယခုကြေညာသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်းနှင့် ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၅) ၏ လွှတ်တော်ကိုယ်စားလှယ်မှာ ဦးယောနာ [၅/ခတန(နိုင်)၀၁၁၃၁၁] ဖြစ်ကြောင်း သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၅ (ခ) အရ သတ်မှတ်ကြေညာလိုက်ပါသည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၆/၂၀၁၆)

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

### တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၄ (ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာခြင်း

၁။ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) အတွက် ရွေးကောက် တင်မြှောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဘမောင်၏ ရွေးကောက်တင်မြှောက် ခံရခြင်းကို ယင်းမဲဆန္ဒနယ်၌ ယှဉ်ပြိုင်အရွေးခံသူ ဦးဖွေအားက ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၉ အရ ရွေးကောက်ပွဲခုံအဖွဲ့ဖြင့် ကြားနာစစ်ဆေး၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်စွဲပါ ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ် (၃၆/၂၀၁၅) ဆုံးဖြတ်ချက်တွင် ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) အတွက် ဒေါက်တာဘမောင်အား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခဲ့ခြင်းသည် ဥပဒေအရ ပျက်ပြယ်ကြောင်းနှင့် ယင်းမဲဆန္ဒနယ်၏ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီရွေးကောက်တင်မြှောက်ခံရသူမှာ ဦးဖွေအားဖြစ်ကြောင်း တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၁ (က) အရ ဆုံးဖြတ်ခဲ့ ပါသည်။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄ (က) အရ အယူခံမှု လျှောက်ထားရန် သတ်မှတ် ထားသည့်ကာလအတွင်း ကော်မရှင်သို့ လျှောက်ထားခဲ့ခြင်းမရှိပါ။

၃။ သို့ဖြစ်၍ ဒေါက်တာဘမောင်သည် ယခုကြေညာသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်းနှင့် ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှာ ဦးဖွေအား[၄/ကပလ(နိုင်)၀၀၆၆၀၅] ဖြစ်ကြောင်း သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၄ (ခ) အရ သတ်မှတ်ကြေညာလိုက်ပါသည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**[ ယခင်အပတ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ (၂၀၁၆ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၂။ ) မှ အဆက် ]**

ပူးတွဲ- ၁

**စစ်ကိုင်းတိုင်းဒေသကြီး၏**
**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအရ**
**ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၂,၇၈၂,၂၆၈. ၂** | **၃၉. ၆** | **၂,၉၀၃,၆၃၂. ၅** | **၃၈. ၂** | **၄. ၄** |
| | ၁ | လယ်ယာ | ၂,၂၆၁,၆၆၃. ၅ | ၃၂. ၂ | ၂,၃၅၈,၁၂၆. ၃ | ၃၁. ၀ | ၄. ၃ |
| | ၂ | သားငါး | ၄၉၄,၂၆၃. ၈ | ၇. ၀ | ၅၁၇,၅၈၁. ၃ | ၆. ၈ | ၄. ၇ |
| | ၃ | သစ်တော | ၂၆,၃၄၀. ၉ | ၀. ၄ | ၂၇,၉၂၄. ၉ | ၀. ၄ | ၆. ၀ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၂,၃၁၀,၉၂၈. ၈** | **၃၂. ၉** | **၂,၆၀၄,၀၉၄. ၇** | **၃၄. ၂** | **၁၂. ၇** |
| | ၁ | စွမ်းအင် | ၃,၀၃၃. ၈ | ၀. ၀၄ | ၃,၀၇၅. ၃ | ၀. ၀၄ | ၁. ၄ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၄၀,၀၃၃. ၈ | ၄. ၉ | ၃၆၇,၈၂၂. ၀ | ၄. ၉ | ၈. ၂ |
| | ၃ | စက်မှုလက်မှု | ၁,၇၉၈,၄၉၁. ၁ | ၂၅. ၆ | ၂,၀၄၇,၈၅၃. ၂ | ၂၆. ၉ | ၁၃. ၉ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၃၀,၂၅၄. ၂ | ၀. ၄ | ၃၂,၁၇၈. ၄ | ၀. ၄ | ၆. ၄ |
| | ၅ | ဆောက်လုပ်မှု | ၁၃၉,၁၁၅. ၉ | ၂. ၀ | ၁၅၃,၁၆၅. ၈ | ၂. ၀ | ၁၀. ၁ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁,၉၃၂,၉၃၇. ၆** | **၂၇. ၅** | **၂,၀၉၉,၁၀၈. ၂** | **၂၇. ၆** | **၈. ၆** |
| | ၁ | ပို့ဆောင်ရေး | ၃၁၀,၇၅၁. ၁ | ၄. ၄ | ၃၄၆,၀၉၇. ၇ | ၄. ၆ | ၁၁. ၄ |
| | ၂ | ဆက်သွယ်ရေး | ၁၆၂,၄၃၃. ၁ | ၂. ၃ | ၁၇၇,၀၄၄. ၇ | ၂. ၃ | ၉. ၀ |
| | ၃ | ငွေရေးကြေးရေး | ၄,၆၃၃. ၇ | ၀. ၁ | ၄,၇၇၇. ၁ | ၀. ၁ | ၃. ၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၃၄,၃၈၂. ၀ | ၁. ၉ | ၁၃၉,၉၅၁. ၃ | ၁. ၈ | ၄. ၁ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၁၀၇,၅၇၂. ၀ | ၁. ၅ | ၁၂၁,၀၁၈. ၅ | ၁. ၆ | ၁၂. ၅ |
| | ၆ | ကုန်သွယ်မှု | ၁,၂၁၃,၁၆၅. ၇ | ၁၇. ၃ | ၁,၃၁၀,၂၁၈. ၉ | ၁၇. ၂ | ၈. ၀ |
| **၄** | | **စုစုပေါင်း ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုး (ဂျီဒီပီ)** | **၇,၀၂၆,၁၃၄. ၆** | **၁၀၀. ၀** | **၇,၆၀၆,၈၃၅. ၄** | **၁၀၀. ၀** | **၈. ၃** |

ပူးတွဲ- ၂

## စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအရ ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၅,၀၉၃,၁၉၇. ၀** | **၇၂. ၅** | **၅,၅၀၇,၇၂၇. ၂** | **၇၂. ၄** | **၈. ၁** |
| | ၁ | လယ်ယာ | ၂,၂၆၁,၆၆၃. ၅ | ၃၂. ၂ | ၂,၃၅၈,၁၂၆. ၃ | ၃၁. ၀ | ၄. ၃ |
| | ၂ | သားငါး | ၄၉၄,၂၆၃. ၈ | ၇. ၀ | ၅၁၇,၅၈၁. ၃ | ၆. ၈ | ၄. ၇ |
| | ၃ | သစ်တော | ၂၆,၃၄၀. ၉ | ၀. ၄ | ၂၇,၉၂၄. ၉ | ၀. ၄ | ၆. ၀ |
| | ၄ | စွမ်းအင် | ၃,၀၃၃. ၈ | ၀. ၀၄ | ၃,၀၇၅. ၃ | ၀. ၀၄ | ၁. ၄ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၄၀,၀၃၃. ၈ | ၄. ၉ | ၃၆၇,၈၂၂. ၀ | ၄. ၉ | ၈. ၂ |
| | ၆ | စက်မှုလက်မှု | ၁,၇၉၈,၄၉၁. ၁ | ၂၅. ၆ | ၂,၀၄၇,၈၅၃. ၂ | ၂၆. ၉ | ၁၃. ၉ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၃၀,၂၅၄. ၂ | ၀. ၄ | ၃၂,၁၇၈. ၄ | ၀. ၄ | ၆. ၄ |
| | ၈ | ဆောက်လုပ်မှု | ၁၃၉,၁၁၅. ၉ | ၂. ၀ | ၁၅၃,၁၆၅. ၈ | ၂. ၀ | ၁၀. ၁ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၇၁၉,၇၇၁. ၉** | **၁၀. ၂** | **၇၈၈,၈၈၉. ၃** | **၁၀. ၄** | **၉. ၆** |
| | ၁ | ပို့ဆောင်ရေး | ၃၁၀,၇၅၁. ၁ | ၄. ၄ | ၃၄၆,၀၉၇. ၇ | ၄. ၆ | ၁၁. ၄ |
| | ၂ | ဆက်သွယ်ရေး | ၁၆၂,၄၃၃. ၁ | ၂. ၃ | ၁၇၇,၀၄၄. ၇ | ၂. ၃ | ၉. ၀ |
| | ၃ | ငွေရေးကြေးရေး | ၄,၆၃၃. ၇ | ၀. ၁ | ၄,၇၇၇. ၁ | ၀. ၁ | ၃. ၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၃၄,၃၈၂. ၀ | ၁. ၉ | ၁၃၉,၉၅၁. ၃ | ၁. ၈ | ၄. ၁ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၁၀၇,၅၇၂. ၀ | ၁. ၅ | ၁၂၁,၀၁၈. ၅ | ၁. ၆ | ၁၂. ၅ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁,၂၁၃,၁၆၅. ၇** | **၁၇. ၃** | **၁,၃၁၀,၂၁၈. ၉** | **၁၇. ၂** | **၈. ၀** |
| **၄** | | **စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၇,၀၂၆,၁၃၄. ၆** | **၁၀၀. ၀** | **၇,၆၀၆,၈၃၅. ၄** | **၁၀၀. ၀** | **၈. ၃** |

ပူးတွဲ-၃

## စစ်ကိုင်းတိုင်းဒေသကြီးနှင့်ခရိုင်များ၏
## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအရ
## စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | တိုင်းဒေသကြီး/ခရိုင် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | စစ်ကိုင်းခရိုင် | ၉၂၁,၆၀၆. ၄ | ၁၃. ၁ | ၉၉၉,၉၂၂. ၈ | ၁၃. ၂ | ၈. ၅ |
| ၂ | မုံရွာခရိုင် | ၁,၂၈၈,၆၃၁. ၉ | ၁၈. ၃ | ၁,၄၁၁,၁၃၈၂. ၁ | ၁၈. ၆ | ၉. ၅ |
| ၃ | ယင်းမာပင်ခရိုင် | ၈၉၉,၅၉၉. ၀ | ၁၂. ၈ | ၉၈၃,၇၀၃. ၅ | ၁၂. ၉ | ၉. ၃ |
| ၄ | ရွှေဘိုခရိုင် | ၂,၂၂၇,၉၆၀. ၂ | ၃၁. ၇ | ၂,၄၀၅,၉၆၃. ၇ | ၃၁. ၆ | ၈. ၀ |
| ၅ | ကသာခရိုင် | ၈၉၃,၆၂၄. ၈ | ၁၂. ၇ | ၉၄၁,၀၇၄. ၀ | ၁၂. ၄ | ၅. ၃ |
(ခ) ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ် ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသော သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ကရင်ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့် ကရင်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ ပြည်နယ်အဆင့် အဖွဲ့အစည်းများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အခန်း (၂)
## ငွေချေးယူခြင်း

၆။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ပမှရရှိသော ချေးငွေများကို ရယူခြင်း၊ ချေးငွေ များကို သုံးစွဲခြင်းတို့အား ဆောင်ရွက်ရာတွင် ပြည်ထောင်စုဥပဒေနှင့်မဆန့်ကျင်စေရ။ အဆိုပါကိစ္စရပ်များ အတွက် ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

## အခန်း (၃)
## ပြည်ပအကူအညီရယူခြင်း

၇။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ ပြည်နယ် အဆင့်ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊

ဆောင်ရွက်ပေးမှုတို့ဖြင့်ရယူခြင်း၊ အကူအညီရငွေများကို သုံးစွဲခြင်းတို့အား ဆောင်ရွက်ရာတွင် ပြည်ထောင်စု ဥပဒေနှင့်မဆန့်ကျင်စေရ။ အဆိုပါကိစ္စရပ်များအတွက် ကိစ္စတစ်ရပ်ချင်းအလိုက် အကျိုးအကြောင်းဖော်ပြ ချက်များနှင့်အတူ ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ခွင့်ပြုနိုင်ပါသည်။

## အပိုင်း ၃
## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း
### အခန်း (၁)
### သုံးငွေများ

၈။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းသည် ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်း ရည်မှန်းချက်များအရ မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်အပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် ဆောင်ရွက်ကြရမည်။ သို့ရာတွင် ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း၏ လိုငွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုသော ထောက်ပံ့ငွေဖြင့် ဖြည့်ဆည်းပေးပါမည်။

၉။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန် အလို့ငှာ ကရင်ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၁၀။ (က) ဇယား (၅) တွင် ဖော်ပြထားသည့် သုံးငွေများသည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း၏ သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်သည် ဇယား (၅) တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်ရမည်။

### အခန်း (၂)
### ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၁။ (က) ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅) တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၆- ၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက် များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ကိစ္စတစ်ရပ်ချင်းအလိုက် အကျိုး အကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း ကရင်ပြည်နယ်လွှတ်တော်၏ အတည် ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေ ရယူဆောင်ရွက်ခြင်းပြုနိုင်သည်။

## အခန်း (၃)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ

၁၂။ (က) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့သည် ဇယား (၅) တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) ဇယား (၅) တွင် ဖော်ပြထားသောငွေများကို ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းက မိမိတို့လုပ်ငန်းလိုအပ်ချက်အရ ပြောင်းလဲလိုပါက ယင်းသို့ ပြောင်းလဲပေးနိုင်ရေးအတွက် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

## အပိုင်း ၄

## သီးသန့်ရန်ပုံငွေ

၁၃။ (က) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် ဖော်ပြထားသော သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါ စည်းကမ်းချက်များနှင့်အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည် -

(၁) ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ခြင်း၊

(၃) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း။

(ခ) သီးသန့်ရန်ပုံငွေမှ ကျခံခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်းအလိုက် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တင်ပြပြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) စောဝင်းထိန်
ခေတ္တဝန်ကြီးချုပ်
ကရင်ပြည်နယ်အစိုးရအဖွဲ့

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်**

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၄၄၃၀. ၅၇၄ | | | ၂၈၀၀. ၀၀၀ | | | |
| ၂ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၁၄၅. ၇၈၆ | | | | | | |
| ၃ | တိုင်းဒေသကြီးဥပဒေချုပ် | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | | ၁. ၁၀၁ | | | | | | |
| ၄ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၂. ၈၉၀ | | | | | | |
| | ပေါင်း | | | | ၄၅၈၀. ၃၅၁ | | | ၂၈၀၀. ၀၀၀ | | | |

ဇယား (၂)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၂၀၁၃.၅၈၃ | | ၂၉၀၀.၀၀၀ | ၇၁၀၂.၁၃၉ | | | |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၆၃၂.၉၁၈ | | | ၅၂၈.၃၆၅ | | | |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၅၈.၅၁၀ | | | | | | |
| ၄ | တိုင်းဒေသကြီးဥပဒေချုပ် | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၆၁၀.၅၅၃ | | | ၁၂၈.၆၁၈ | | | |
| ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁၅၈၄.၉၀၇ | | | ၂၂၄.၁၉၆ | | | |
| | **ပေါင်း** | | **၂၄၉၀၀.၄၇၁** | | **၂၉၀၀.၀၀၀** | **၇၉၇၅.၃၁၈** | | | |

### တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှ ရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင်ကောက်ခံသည့် အခွန်အကောက်** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | **၂၂၀၁. ၂၈၁** | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၂၂၀၁. ၂၈၁ | | | | | | | | |
| ၂ | | **နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက်** | **၎င်း** | **၁၅၁၅. ၃၂၉** | | | | | | | | |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၆၄. ၃၆၀ | | | | | | | | |
| | ၂ | တာတမံခွန် | | ၁. ၆၃၇ | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၉၀. ၉၄၆ | | | | | | | | |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၅၈. ၃၈၆ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၁၁၀၀. ၀၀၀ | | | | | | | | |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့် အခွန်** | **၎င်း** | **၉၂၇. ၅၄၈** | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၆၆၄. ၃၁၇ | | | | | | | | |
| | ၂ | ဘီးခွန် | | ၂၆၃. ၂၃၁ | | | | | | | | |
| | | **ပေါင်း** | | **၄၆၄၄. ၁၅၈** | | | | | | | | |

### တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃) ။ ။ အဆက်
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၄ | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် | | | **၃၂. ၉၈၆** | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သို့မဟုတ် | | | ၃၁. ၈၆၃ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က | | | ၀. ၀၂၈ | | | | | | |
| | ၃ | မီးသတ်ဦးစီးဌာန | တာဝန်ပေးသူ | | | ၁. ၀၉၅ | | | | | | |
| ၅ | | **သမဝါယမ** | **ၐင်း** | | | **၂၂. ၃၀၈** | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၂၀. ၇၁၅ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၁. ၅၉၃ | | | | | | |
| ၆ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | **ၐင်း** | | | **၁၀. ၇၈၈** | | | | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၁၀. ၇၈၈ | | | | | | |
| ၇ | | **မွေးမြူရေးရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး** | **ၐင်း** | | | **၆၁. ၂၆၃** | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၃၆. ၅၉၉ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၁၂. ၅၁၅ | | | | | | |
| | ၃ | ပျားလုပ်ငန်းဌာန | | | | ၁၂. ၁၅၀ | | | | | | |
| ၈ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ** | **ၐင်း** | | | **၃၀. ၇၅၂** | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၃၀. ၆၈၂ | | | | | | |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | ၀. ၀၇၀ | | | | | | |

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃)။ ။ အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၉ | | **အားကစား** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | **၁၀.၈၁၃** | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၁၀.၈၁၃ | | | | | | |
| ၁၀ | | **ဘဏ္ဍာရေး** | ၎င်း | | | **၀.၀၁၆** | | | **၁၂၆၃၆၅.၀၀၀** | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | ၀.၀၁၆ | | | ၁၂၆၃၆၅.၀၀၀ | | | |
| ၁၁ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၎င်း | | | **၀.၀၄၂** | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀.၀၄၂ | | | | | | |
| ၁၂ | | **ဆောက်လုပ်ရေး** | ၎င်း | | | **၁၅၆.၃၁၀** | | | | | | |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၃၅.၄၉၃ | | | | | | |
| | ၂ | လမ်းဦးစီးဌာန | | | | ၁၂၀.၈၁၇ | | | | | | |
| ၁၃ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | | | **၉၉၀၀.၅၉၇** | | | | | | |
| | | **ပေါင်း** | | | | **၁၀၂၆၆.၉၁၆** | | | **၁၂၆၃၆၅.၀၀၀** | | | |

ဇယား (၄)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် | **၁၂၉၅၂ . ၆၈၃** | | **၁၅၀ . ၀၀၀** | **၄၉၀၇ . ၅၀၅** | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သို့မဟုတ် | ၁၀၃၈၈ . ၂၅၈ | | ၁၅၀ . ၀၀၀ | ၁၃၇၉ . ၇၂၇ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က | ၂၈၉ . ၄၅၃ | | | ၅၃ . ၉၇၉ | | | |
| | ၃ | မီးသတ်ဦးစီးဌာန | တာဝန်ပေးသူ | ၂၂၇၄ . ၉၇၂ | | | ၃၄၈၃ . ၈၄၉ | | | |
| ၂ | | **သမဝါယမ** | ၎င်း | **၁၂၄၅ . ၇၀၄** | | | **၁၇၆ . ၅၅၄** | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၁၁၄၁ . ၇၇၅ | | | ၈၆ . ၈၈၀ | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၀၃ . ၉၇၉ | | | ၈၉ . ၆၇၄ | | | |
| ၃ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၎င်း | **၄၀၅၂ . ၅၅၉** | | | **၄၀၅ . ၇၇၄** | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၄၀၅၂ . ၅၅၉ | | | ၄၀၅ . ၇၇၄ | | | |
| ၄ | | **မွေးမြူရေးရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး** | ၎င်း | **၁၂၆၅ . ၆၅၇** | | | **၅၀၂ . ၇၅၄** | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၄၉၇ . ၅၁၆ | | | ၃၆၇ . ၇၃၀ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၇၀၇ . ၄၇၁ | | | ၈၅ . ၉၂၄ | | | |
| | ၃ | ပျားလုပ်ငန်းဌာန | | ၆၀ . ၆၇၀ | | | ၅၉ . ၁၀၀ | | | |
| ၅ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ** | ၎င်း | **၂၂၈၀ . ၁၅၀** | | | **၂၄၂ . ၁၃၆** | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၂၁၉၃ . ၀၂၀ | | | ၁၈ . ၄၄၆ | | | |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၈၇ . ၁၃၀ | | | ၂၀၃ . ၆၉၀ | | | |

ဇယား (၄) ။ ။ အဆုံး
(ကျပ်သိန်းပေါင်း)

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၆ | | **အားကစား** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | **၆၃၄ . ၁၅၆** | | | **၁၅၆၀ . ၈၆၀** | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၆၃၄ . ၁၅၆ | | | ၁၅၆၀ . ၈၆၀ | | | |
| ၇ | | **သတ္တုရေး** | ၄င်း | **၇၃ . ၉၅၀** | | | **၂၁ . ၄၉၄** | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၇၃ . ၉၅၀ | | | ၂၁ . ၄၉၄ | | | |
| ၈ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၄င်း | **၆၅၀ . ၁၂၁** | | | **၁၄၄ . ၂၂၀** | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၆၅၀ . ၁၂၁ | | | ၁၄၄ . ၂၂၀ | | | |
| ၉ | | **ဆောက်လုပ်ရေး** | ၄င်း | **၆၆၇၅ . ၁၇၇** | | | **၅၀၁၁၈ . ၀၉၂** | | | |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၇၃ . ၇၇၃ | | | ၁၃၉၀ . ၁၃၀ | | | |
| | ၂ | လမ်းဦးစီးဌာန | | ၆၅၀၁ . ၄၀၄ | | | ၄၈၇၂၆ . ၉၆၂ | | | |
| ၁၀ | | **ပဲခူးတိုင်းဒေသကြီးစီမံကိန်းနှင့်စီးပွားရေး** | ၄င်း | **၂၈ . ၆၄၂** | | | **၀ . ၇၀၀** | | | |
| | ၁ | **ပဲခူးတိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံး** | | ၂၈ . ၆၄၂ | | | ၀ . ၇၀၀ | | | |
| ၁၁ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၄င်း | **၅၁၆၆ . ၂၁၄** | | | **၉၃၃၈ . ၀၈၁** | | | |
| | | **ပေါင်း** | | ၃၅၀၂၅ . ၀၂၄ | | ၁၅၀ . ၀၀၀ | ၆၇၄၃၈ . ၁၈၀ | | | |

ဇယား (၃)။ ။ အဆုံး
(ကျပ်သိန်းပေါင်း)

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ချေးငွေ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသောမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၉ | | **အားကစား** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၀, ၈၁၃ | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၁၀, ၈၁၃ | | | | | | |
| ၁၀ | | **အလွှာရေး** | ၎င်း | | | ၈, ၀၁၆ | | | ၁၂၆၃၆၅, ၀၀၀ | | | |
| | ၁ | ရည်းမှန်ချေးငွေစာရင်းဦးစီးဌာန | | | | ၈, ၀၁၆ | | | ၁၂၆၃၆၅, ၀၀၀ | | | |
| ၁၁ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၎င်း | | | ၈, ၀၄၂ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၈, ၀၄၂ | | | | | | |
| ၁၂ | | **ဆောက်လုပ်ရေး** | ၎င်း | | | ၈၅၆, ၄၅၀ | | | | | | |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၇၃၅, ၆၃၃ | | | | | | |
| | ၂ | လမ်းဦးစီးဌာန | | | | ၁၂၀, ၈၁၇ | | | | | | |
| ၁၃ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | | | ၉၃၈၅, ၅၈၅ | | | | | | |
| | | ပေါင်း | | | | ၁၀၂၆၈, ၉၀၆ | | | ၁၂၆၃၆၅, ၀၀၀ | | | |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက် ( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

## နိုင်ငံတော်သမ္မတရုံး

### အမိန့်ကြော်ငြာစာအမှတ် ၁၁၂/၂၀၁၆

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက် )

ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (င) ပါ ပြဋ္ဌာန်းချက်အရ စစ်ထောက်ချုပ်ရုံးမှ ကြည်း ၂၃၉၄၉ ဒုတိယဗိုလ်မှူးကြီးဇော်ဇော်ဦးကို ဒုတိယသမ္မတဦးမြင့်ဆွေ၏ ကိုယ်ရံတော်အရာရှိအဖြစ် လုပ်ငန်းတာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၁၁၄/၂၀၁၆

၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၆ ရက် )

ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (စ) ပါ ပြဋ္ဌာန်းချက်အရ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ သင်တန်းနှင့် မူဝါဒဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးသာထူးကို ဒုတိယသမ္မတဦးမြင့်ဆွေ၏ ကိုယ်ရေးအရာရှိအဖြစ် လုပ်ငန်းတာဝန်များကိုစတင်ထမ်းဆောင်သည့်နေ့မှစ၍ တွဲဖက်ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၁၁၅/၂၀၁၆

၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် )

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁၃/၂၀၁၆) အရ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့အထိ လုပ်သက်ခွင့် (၂) ရက်ခံစားခဲ့သည့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြသဲဖြူလွင်ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့ (နံနက်ပိုင်း) မှစ၍ အလုပ်တာဝန်ဝတ္တရားများကို ပြန်လည်ထမ်းဆောင်စေလိုက်သည်။

ဝင်းကျော်အောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

**အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၆**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက် )

**တာဝန်ဝတ္တရားများစတင်ထမ်းဆောင်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀/၂၀၁၆၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်စွဲပါရုံးအမိန့် ၁၇/၂၀၁၆၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်စွဲပါ ရုံးအမိန့် ၂၅/၂၀၁၆၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၆၉/၂၀၁၅၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၄/၂၀၁၆ နှင့် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်စွဲပါ ရုံးအမိန့် ၃၁၂/၂၀၁၅ တို့ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး လက်အောက်ခံ ကော်မရှင် အဖွဲ့ခွဲရုံးအသီးသီးသို့ ပြောင်းရွှေ့ခန့်အပ်ခဲ့သော အောက်ဖော်ပြပါ ဦးစီးအရာရှိ (၈) ဦးတို့သည် ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက် နံနက်ပိုင်းမှစ၍ ရာထူးတာဝန်ဝတ္တရားများကို လက်ခံဆောင်ရွက်သည် -

| စဉ် | အမည် | ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး | စတင်တာဝန် ထမ်းဆောင်သည့်ရက်စွဲ |
|---|---|---|---|
| **မန္တလေးတိုင်းဒေသကြီး** | | | |
| (၁) | ဦးမြင့်အောင်သိန်း | ငါန်းဇွန်မြို့နယ် | ၁-၂-၂၀၁၆ |
| (၂) | ဦးနေမျိုးအောင် | ရမည်းသင်းခရိုင် | ၁-၂-၂၀၁၆ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | |
| (၃) | ဒေါ်သက်သက်မာ | အလုံမြို့နယ် | ၉-၁-၂၀၁၆ |
| (၄) | ဦးမင်းသူ | ပန်းဘဲတန်းမြို့နယ် | ၃၀-၁၂-၂၀၁၅ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | |
| (၅) | ဦးရဲထက်စိုး | ဟင်္သာတမြို့နယ် | ၁-၂-၂၀၁၆ |
| **ပြည်ထောင်စုနယ်မြေ** | | | |
| (၆) | ဦးထက်နိုင် | ဇေယျာသီရိမြို့နယ် | ၅-၂-၂၀၁၆ |
| (၇) | ဦးဇော်နိုင်ဦး | လယ်ဝေးမြို့နယ် | ၁-၂-၂၀၁၆ |
| (၈) | ဦးအောင်အောင် | ဒက္ခိဏသီရိမြို့နယ် | ၁-၁-၂၀၁၆ |

တင်ထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး။

## စစ်ရာထူးခန့်ချုပ်ရုံး

**(ကြည်းတပ်ဌာနစု)**

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၂၅ ရက် )

အမှတ် ၆၉/၂၀၁၆ ။ ။ အောက်ဖော်ပြပါအရာခံဗိုလ်အား ၂၀၁၆ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၆၁) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၆ ခုနှစ်၊ မေလ ၂၅ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင် အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

အောင်သူ ကြည်း ၇၀၅၅၈

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက် ( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### မြန်မာ့စက်မှုလက်မှုလုပ်ငန်းများ ဦးပိုင်လီမိတက်

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ၂၀၃ (၂) နှင့်အညီ အစုရှယ်ယာရှင်များ၏ ဆန္ဒအရ
စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် အထူးဆုံးဖြတ်ချက်များ နို့တစ်စာ

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့၊ နေ့လယ် (၁) နာရီ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများ အသင်း အစည်းအဝေးခန်းမတွင် ကျင်းပသော အစုရှင်များ၏ အထူးအထွေထွေအစည်းအဝေးမှ မြန်မာ့စက်မှုလက်မှုလုပ်ငန်းများ ဦးပိုင်လီမိတက်ကို အစုရှယ်ယာရှင်များ၏ဆန္ဒအရဖျက်သိမ်းရန် အောက်ပါ အထူးဆုံးဖြတ်ချက်များကို တညီတညွတ်တည်း ဆုံးဖြတ်ကြပါသည်။

**အထူးဆုံးဖြတ်ချက် (၁)**

မြန်မာ့စက်မှုလက်မှုလုပ်ငန်းများဦးပိုင်လီမိတက်ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအရ အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

**အထူးဆုံးဖြတ်ချက် (၂)**

ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးမောင်မောင်အောင် (လက်မှတ်ရပြည်သူ့စာရင်းကိုင် ဦးလှထွန်းနှင့်အဖွဲ့ လီမိတက်) အား ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့မှစ၍ ခန့်ထားရန်။

ဦးဇော်မင်းဝင်း
(အုပ်ချုပ်မှုဒါရိုက်တာ)
မြန်မာ့စက်မှုလက်မှုလုပ်ငန်းများဦးပိုင်လီမိတက်

## ကျော်ကြားသော ဆက်သွယ်ရေး ကုမ္ပဏီလီမိတက်
## (FAMOUS COMMUNICATION COMPANY LIMITED)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ကျော်ကြားသော ဆက်သွယ်ရေး ကုမ္ပဏီလီမိတက် (FAMOUS COMMUNICATION COMPANY LIMITED)** အား (၂၉-၉-၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး **(B.Com, Dip I.F.R, Diploma in Business Law)** အား တွဲဖက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးအွတ်စမန် (ခ) ဦးအောက်ကို
Managing Director
Famous Communication Co., Ltd.

ဦးအီးနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## လယ်(လ်) နာ ချား ကုမ္ပဏီလီမိတက်
## (LE NACHA COMPANY LIMITED) အား

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**လယ် (လ်) နာ ချား ကုမ္ပဏီလီမိတက် (LE NACHA COMPANY LIMITED)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့၊ နေ့လယ် (၁၂း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် - ၁၇၆ (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီးနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)

**လက်မှုအနုပညာ ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်**

**(ARTS & CRAFTS GEMS & JEWELLERY COMPANY LIMITED)** အား

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**လက်မှုအနုပညာ ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက် (ARTS & CRAFTS GEMS & JEWELLERY COMPANY LIMITED)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင် ဘုရားလမ်း၊ အမှတ် - ၁၇၆ (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)

**ဆင်မျိုးစေ့ ကုမ္ပဏီလီမိတက်**

**(ELEPHANT SEED COMPANY LIMITED)**

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**ဆင်မျိုးစေ့ ကုမ္ပဏီလီမိတက် (ELEPHANT SEED COMPANY LIMITED)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် -၁၇၆ (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)

## ဓနသီဟ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

## (Danathiha Construction Company Limited)

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **ဓနသီဟ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၉-၉-၂၀၁၆) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း (B. Com, C.P.A)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၉-၁၀-၂၀၁၆) ရက်နေ့ထက်နောက်မကျစေဘဲ ဖော်ပြပါတရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးမျိုးသိန်း
မန်နေးဂျင်းဒါရိုက်တာ
ဓနသီဟ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဦးစိန်ကျော်ဝင်း
(B. Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း-၀၁-၅၀၇၁၁၇

## မြန်မာပြည့်စုံအောင် သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်

## (Myanmar Pyi Sone Aung Mining Company Limited)

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **မြန်မာပြည့်စုံအောင် သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၂၀-၉-၂၀၁၆) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း (B. Com, C.P.A)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၂၀-၁၀-၂၀၁၆) ရက်နေ့ထက်နောက်မကျစေဘဲ ဖော်ပြပါတရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်ဂျာထွဲလု
မန်နေးဂျင်းဒါရိုက်တာ
မြန်မာပြည့်စုံအောင် သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဦးစိန်ကျော်ဝင်း
(B. Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း-၀၁-၅၀၇၁၁၇

## မြန်မာအောင်မြင်မှု ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်

## (Myanmar Vanquish Trading Company Limited)

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **မြန်မာအောင်မြင်မှု ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၂-၉-၂၀၁၆) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွှန့်မေ (B. Com, C.P.A)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၂၂-၁၀-၂၀၁၆) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါတရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးသန်းရွှေ | ဒေါ်ညွှန့်မေ |
| မန်နေးဂျင်းဒါရိုက်တာ | (B. Com, C.P.A) |
| မြန်မာအောင်မြင်မှု ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒါရိုက်တာအဖွဲ့ (ကိုယ်စား) | ဖုန်း-၀၁-၅၀၇၁၁၇ |

## ရှေ့သို့ ရေနံအင်ဂျင်နီယာလုပ်ငန်း ကုမ္ပဏီလီမိတက်

## (Forward Petroleum Engineering Company Limited)

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **ရှေ့သို့ ရေနံအင်ဂျင်နီယာလုပ်ငန်း ကုမ္ပဏီလီမိတက်**ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန်(၂၁-၉-၂၀၁၆) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွှန့်မေ (B. Com, C.P.A)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၂၁-၁၀-၂၀၁၆) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါတရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးကျော်ခိုင်သိန်း | ဒေါ်ညွှန့်မေ |
| မန်နေးဂျင်းဒါရိုက်တာ | (B. Com, C.P.A) |
| ရှေ့သို့ရေနံအင်ဂျင်နီယာလုပ်ငန်း ကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒါရိုက်တာအဖွဲ့ (ကိုယ်စား) | ဖုန်း-၀၁-၅၀၇၁၁၇ |

## United Creative Engineering Co., Ltd.

## ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၈-င အရ ဖျက်သိမ်းဆဲ **United Creative Engineering Company Limited** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပသည့်နေ့ | ။ | ။ ၂၉-၁၀-၂၀၁၆၊ |
| အစည်းအဝေးကျင်းပသည့်အချိန် | ။ | ။ နံနက် (၁၀း၀၀) နာရီ၊ |
| အစည်းအဝေးကျင်းပသည့်နေရာ | ။ | ။ အမှတ် - ၁၂၉၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။ |

Daw Win Ei Phyu

(B.Com, C.P.A)

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

TAU Corporation (Yangon Branch Office)

**Myanmar Companies Act 206 (1)**

**(Voluntary Liquidation)**

In Accordance with the TAU Corporation's (Yangon Branch Office)

(Reg-No: 1136 FC/2014-2015 (15.2.15) Extraordinary annual general meeting is passed at 16.5.2016, Daw Nway Kyi Phyu Hlaing [B.Com, CPA, DBL, ACCA (Final)] is appointed as company's liquidator on that meeting.

Therefore, all persons claiming to be creditor of the above company are requested to submit details of their claims together with any documentary evidence in their possession to the liquidator at the address given below, not later than 30-10-2016.

DAW Nway Kyi Phyu Hlaing

Liquidation Officer

No (49), 3rd Street, Malarmyaing Okkyin, Hlaing Yangon.

Ph No: 01522684, 0931068402

ပ၊ ထ၊ န - အမှတ် ၆၂၂/၁၅/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၃၀-၉-၂၀၁၆။